ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၀/၂၀၁၅)

| | |
|---|---|
| Mr. Ju Koung Hoan (MD)<br>Midas အထည်ချုပ်စက်ရုံ၊<br>အမှတ်(၂၃၆)၊ ဦးထွန်းညို့လမ်း၊<br>စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ဝင်းဝင်းခိုင်ပါ အလုပ်အမှုဆောင်(၇)ဦးနှင့်<br>အလုပ်သမား(၁၁)ဦး၊ ပေါင်း(၁၈)ဦး<br>အမှတ်(၄၀၃)၊ မြို့ပတ်လမ်း၊(၁/၁၃)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ဦးထွန်းညို့လမ်း၊အမှတ်(၂၃၆) ရှိ Midas အထည်ချုပ်စက်ရုံMr. Ju Koung Hoan (MD)နှင့် အလုပ်သမားများကိုယ်စား ဒေါ်ဝင်းဝင်းခိုင်ပါ အလုပ်အမှုဆောင်(၇)ဦးနှင့် အလုပ်သမား(၁၁)ဦး၊ ပေါင်း(၁၈)ဦးတို့ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ် ၃၀/၂၀၁၅ ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် လျှောက်ထားသူ က ခုံသမာဓိကောင်စီသို့အယူခံလျှောက်ထားလာသည့်အမှုကိုစစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် (၃၀/၂၀၁၅)ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင် ဦးသန်းမောင်၊

အဖွဲ့ဝင် ဦးရဲနိုင်ဝင်းတို့ဖြင့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၅)အရ ဖွဲ့စည်းတာဝန်ပေး အပ်ခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ တာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသောအမှုတွဲ များ၊ တင်ပြချက်များနှင့် လူကိုယ်တိုင် ခေါ်ယူစစ်ဆေးတွေ့ရှိချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်ကို ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၃၀/၂၀၁၅)ဖြင့် တိုင်ကြားသူ အလုပ်သမားများဖြစ်ကြသည့် ဒေါ်ဝင်းဝင်းနိုင်ပါအလုပ်အမှုဆောင် (၇)ဦးနှင့် အလုပ်သမား (၁၁)ဦး၊ ပေါင်း(၁၈)ဦးတို့ကို မူလရာထူးသို့ မူလလုပ်ခလစာနှင့် လုပ်သက်မပျက် ဆက်လက်လုပ်ကိုင်ခွင့်ပြုရန် ဆုံးဖြတ်ချက်ကို အလုပ်ရှင်က ပြင်ဆင်ပေးရန်လျှောက်ထားခြင်း အားဆောင်ရွက်ပေးရန် သင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၁)။** ဒေါ်ဝင်းဝင်းနိုင်ပါအလုပ်အမှုဆောင်(၇)ဦးနှင့်အလုပ်သမား(၄၁)ဦး၊ ပေါင်း(၄၈)ဦးသည် စက်ရုံမှ အလုပ်ထုတ်နစ်နာကြေးပေးပြီး အလုပ် မှရပ်နားခြင်းအား မကျေနပ်သဖြင့် ညှိနှိုင်းဖြေရှင်းပေးပါရန် ၁၆-၃-၂၀၁၅ ရက်နေ့တွင် တိုင်ကြားလာခြင်းအပေါ် မြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့မှ အလုပ်ရှင်၊ အလုပ်သမားတို့အား ၁၇-၃-၂၀၁၅ ရက်နေ့၊ ၁၉-၃-၂၀၁၅ရက်နေ့နှင့် ၂၄-၃-၂၀၁၅ရက်နေ့တွင် ညှိနှိုင်းပေးခဲ့ရာ ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ကို ခံယူရန်တင်ပြရာမှ ဖြစ်ပေါ်လာသည့်အငြင်းပွားမှု ဖြစ်ကြောင်း စိစစ်သုံးသပ်တွေ့ရှိသည်။

အလုပ်ရှင်မှ ယခုတောင်းဆိုသူ ဒေါ်ဝင်းဝင်းနိုင်ပါ အလုပ် သမား(၄၈)ဦးသည် ၅-၃-၂၀၁၅ ရက်နေ့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေ ရေးအဖွဲ့သို့ မိမိအား အယုံအကြည်မရှိသဖြင့် စက်ရုံပိတ်နစ်နာကြေး ပေးရန်တောင်းဆိုခဲ့ကြောင်း၊ မိမိအနေဖြင့် စက်ရုံအပြီးမပိတ်လို၍ ယာယီပိတ်ထားစဉ်ကာလအတွင်း လုပ်ခလစာ၏ (၅၀%)ပေးထား မည်ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်ကို သုံးသပ်တွေ့ရှိသည်။ ၎င်းက ဆက်လက်ထွက်ဆိုသည်မှာ ယခုတောင်းဆိုသူ (၄၈)ဦးအနေဖြင့် လုပ်ခလစာပေးသော အလုပ်ရှင်ဖြစ်သည့်မိမိကို မယုံကြည်ဆိုလျှင် ဆက်လက် လက်တွဲရန်မလိုသည့်အတွက် ၎င်းတို့တောင်းဆိုသည့်

၂၈.၅.၂၀၁၅ ၂၈/၅/၂၀၁၅ ၂၈/ ၅ . ၂၀၁၅

အတိုင်း နစ်နာကြေးပေး၍ အလုပ်မှရပ်နားခဲ့ခြင်း ဖြစ်ကြောင်း ထွက်ဆိုသည်ကို စိစစ်သုံးသပ်တွေ့ရှိသည်။

ယင်းသုံးသပ်ချက်အပေါ်တည်မှီ၍ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦး၊ နှစ်ဖက်တို့အား ၂၈-၅-၂၀၁၅ ရက်နေ့ (၁၂ : ၀၀)နာရီတွင် မျက်နှာစုံညီ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရာအလုပ်သမားဒေါ်ဝင်းဝင်း ခိုင်ပါ(၁၈)ဦးမှ အောက်ပါအတိုင်း ညှိနှိုင်းသဘောတူထားကြောင်း ဝန်ခံထွက်ဆို၊ လက်မှတ်ရေးထိုးထားကြပါသည်-

အလုပ်သမားများနှင့် ညှိနှိုင်းရရှိချက်ကို အလုပ်ရှင်ကိုယ်စား လှယ် ဒေါ်ဖူလိုင်မြင့်ဆွေအား ကျွန်ုပ်တို့ခုံအဖွဲ့မှ မေးမြန်းရာ ဒေါ်ဖူ လိုင်မြင့်ဆွေက -

(က) အလုပ်ရှင်မှ တရားစွဲဆိုထားမှုအား ပိတ်သိမ်းပေးရန်၊

(ခ) အလုပ်သမားများအား အလုပ်ထုတ်နစ်နာကြေးနှင့်ကြားကာ နစ်နာကြေး(နောက်ဆုံးထုတ်လစာတစ်ဝက်နှုန်း) ပေးရန်

တို့ကို သဘောတူညီကြောင်း အတည်ပြုထွက်ဆိုသည်။

အထက်တွင်ဖော်ပြခဲ့သည်များကို ခြုံငုံသုံးသပ်ပြီး အလုပ် ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် မျက်နှာစုံညီညှိနှိုင်းချက်အရ သဘောတူညီ၍လက်မှတ်ရေးထိုးကြပြီးဖြစ်သဖြင့် ကျွန်ုပ်တို့ခုံအဖွဲ့ သည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၇-၅-၂၀၁၅ ရက်နေ့ တွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ် (၃၀/၂၀၁၅) ပါဆုံးဖြတ်ချက်အမှတ်(၁)ကို ပြင်ဆင်၍အောက်ပါအတိုင်းဆုံးဖြတ် လိုက်သည်-

ဆုံးဖြတ်ချက်အမှတ်(၁)။ နှစ်ဦးနှစ်ဖက်မျက်နှာစုံညီ ညှိနှိုင်း၍ ဝန်ခံကတိပြုချက်များ အရ လျှောက်ထားခြင်းခံရသူ အလုပ်သမား တစ်ဦးချင်းခံစား ခွင့်ရရှိမည့် အလုပ်ထုတ်နစ်နာကြေး + ကြားကာလနစ်နာကြေး (နောက်ဆုံးထုတ်လစာတစ်ဝက်နှုန်း)ဖြင့် နစ်နာကြေး နှစ်ရပ်ပေါင်း အား လုပ်သက်အလိုက် ခံစားခွင့်ပြုပြီး တစ်ဦးချင်းခံစားခွင့်ရရှိ သည့် ငွေကြေးကိုအောက်တွင်ဇယားဖြင့် ဖော်ပြ၍ ခံစားခွင့်ပြုရန် ဆုံးဖြတ်သည်-

၁၈.၅.၂၀၁၅ ၁၈/၆/၂၀၁၅ ၁၈.၅.၂၀၁၅

### ဒေါ်ဝင်းဝင်းခိုင်ပါအလုပ်သမား(၁၈)ဦးအား အလုပ်ထုတ်နစ်နာကြေးနှင့် ကြားကာလနစ်နာကြေးငွေ ခံစားခွင့်ပြုသည့် ဇယား

| စဥ် | အမည် | အလုပ်ဝင် ရက်စွဲ | အခြေခံ လစာ(ကျပ်) | အလုပ်ထုတ် နစ်နာကြေး(ကျပ်) | ကြားကာလ နစ်နာကြေး(ကျပ်) | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ဝင်းဝင်းခိုင် | ၁၀-၁-၂၀၁၁ | ၁၀၁၇၀၀ | (၄)လစာ - ၄၀၆၈၀၀ | ၅၀၈၅၀ | ၅၅၉၄၀၀ |
| ၂ | ခိုင်ရည်မွန် | ၂-၈-၂၀၁၁ | ၉၇၇၀၀ | (၄)လစာ- ၃၉၀၈၀၀ | ၄၈၈၅၀ | ၅၃၇၄၀၀ |
| ၃ | မေဇင်ထက် | ၆-၁၀-၂၀၀၈ | ၁၀၅၃၀၀ | (၄)လစာ- ၄၂၁၂၀၀ | ၅၂၆၅၀ | ၅၇၉၂၀၀ |
| ၄ | ဝါဝါလွင် | ၁၃-၆-၂၀၁၁ | ၉၆၉၀၀ | (၄)လစာ- ၃၈၇၆၀၀ | ၄၈၄၅၀ | ၅၃၃၀၀၀ |
| ၅ | တင်ထက်ထက်လှိုင် | ၆-၁-၂၀၀၄ | ၈၈၀၀၀ | (၂) လစာ- ၁၇၆၀၀၀ | ၄၄၀၀၀ | ၃၀၈၀၀၀ |
| ၆ | ချမ်းမြေ့လှိုင် | ၁-၁၀-၂၀၀၈ | ၉၉၇၀၀ | (၄)လစာ- ၃၉၈၈၀၀ | ၄၉၈၅၀ | ၅၄၈၄၀၀ |
| ၇ | ဇင်မာမြင့် | ၁၃-၁၂-၂၀၀၄ | ၁၁၀၀၀၀ | (၄)လစာ- ၄၄၀၀၀၀ | ၅၅၀၀၀ | ၆၀၅၀၀၀ |
| ၈ | ဇင်မာဦး | ၁၆-၁၂-၂၀၀၃ | ၁၁၂၇၀၀ | (၄)လစာ- ၄၅၀၈၀၀ | ၅၆၃၅၀ | ၆၁၉၉၀၀ |
| ၉ | ကြူကြူဆွေ | ၂၁-၁၁-၂၀၀၃ | ၁၁၃၆၀၀ | (၄)လစာ- ၄၅၄၄၀၀ | ၅၆၈၀၀ | ၆၂၄၈၀၀ |
| ၁၀ | စန္ဒာမိုးဦး | ၁-၁၀-၂၀၀၇ | ၁၀၄၀၀၀ | (၄)လစာ- ၄၁၆၀၀၀ | ၅၂၀၀၀ | ၅၇၂၀၀၀ |
| ၁၁ | အေးအေးမိုး | ၁၇-၁၂-၂၀၀၁ | ၁၁၆၅၀၀ | (၄)လစာ- ၄၆၆၀၀၀ | ၅၈၂၅၀ | ၆၄၀၈၀၀ |
| ၁၂ | ဝါဝါအေး | ၉-၅-၂၀၀၅ | ၁၀၀၀၀၀ | (၄)လစာ- ၄၄၀၀၀၀ | ၅၅၀၀၀ | ၆၀၅၀၀၀ |
| ၁၃ | ချောစုဝင်း | ၃-၁၁-၂၀၀၅ | ၁၀၅၄၀၀ | (၄)လစာ- ၄၂၁၆၀၀ | ၅၂၇၀၀ | ၅၇၉၇၀၀ |
| ၁၄ | တင်တင်ဝင်း | ၂၃-၉-၂၀၁၃ | ၉၆၅၀၀ | (၂) လစာ- ၁၉၃၀၀၀ | ၄၈၂၅၀ | ၃၃၇၈၀၀ |
| ၁၅ | အိအိမွန် | ၂-၅-၂၀၁၂ | ၁၃၃၇၀၀ | (၂) လစာ- ၂၆၇၄၀၀ | ၆၆၈၅၀ | ၄၆၈၀၀၀ |
| ၁၆ | သန္တာဝင်း | ၇-၅-၂၀၁၄ | ၉၀၀၀၀ | (၁) လစာ - ၉၀၀၀၀ | ၄၅၀၀၀ | ၂၂၅၀၀၀ |
| ၁၇ | ခင်မျိုးအေး | ၂၂-၄-၂၀၀၅ | ၁၀၅၂၀၀ | (၄)လစာ- ၄၂၀၈၀၀ | ၅၂၆၀၀ | ၅၇၈၆၀၀ |
| ၁၈ | တင်မာမြင့် | ၁၀-၁-၂၀၁၂ | ၁၀၈၆၀၀ | (၄)လစာ- ၄၃၄၄၀၀ | ၅၄၃၀၀ | ၅၉၇၃၀၀ |
| | | | | | စုစုပေါင်း | ၉၅၁၉၃၀၀ |

ဆုံးဖြတ်ချက်အမှတ်(၂)။ အလုပ်ရှင်မှ အလုပ်သမားအား စက်ရုံပိတ်ဆို့မှုအတွက် အလုပ်သမားများအား တရားစွဲဆိုထားသည့်အမှုကို ပြန်လည်ရုပ်သိမ်းပေးရန် အလုပ်ရှင် ကိုယ်စားလှယ် ဒေါ်ဖူလှိုင်မြင့်ဆွေမှ ဝန်ခံကတိလက်မှတ်ရေးထိုးပြီးဖြစ်၍ ကတိအတိုင်း အလုပ်ရှင်ဘက်မှ ဆက်လက်ဆောင်ရွက်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ အလုပ်ထုတ်ခံခဲ့ရသူအားပေးရန် ဆုံးဖြတ်လိုက်သောငွေကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ ပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးခင်မောင်ရီ | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |